
# မကျေနပ်ချက်တိုင်ကြားမှုဆိုင်ရာ လုပ်ငန်းစဉ်



| မကျေနပ်ချက်များအား အထွေထွေ အမျိုးအစားခွဲခြားမှု နှင့် ထောက်ခံထားသည့် အချိန်မျဉ်းလိုင်း |
|---|

| မကျေနပ်ချက် အမျိုးအစား | ပြင်းထန်မှု အဆင့် သတ်မှတ်ချက် | တုံ့ပြန်မှု အချိန် မျဉ်းလိုင်း | ဆောင်ရွက်ချက်(များ) |
|---|---|---|---|
| အခြေခံ လူ့အခွင့်အရေးများ နှင့် အလုပ်သမား အခွင့်အရေးများတို့နှင့်ဆက်နွယ်သော ချိုးဖောက်မှုများ သို့မဟုတ် ဖြစ်ရပ်များ -<br>1. ကလေးလုပ်သားစေခိုင်းမှု<br>2. အတင်းအကြပ် လုပ်အားစေခိုင်းမှု<br>3. လူကုန်ကူးခြင်း<br>4. လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု၊ နှောက်ယှက်မှု<br>5. တစ်ကိုယ်ရေလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ရွှေ့လျားသွားလာခွင့်တို့အား ပြင်းထန်စွာ ကန့်သတ်မှုများ<br>6. လူသားမဆန်သော ဆက်ဆံမှု၊ ပြင်းထန်သော စည်းမျဉ်းစည်းကမ်းပိုင်း အရေးယူဆောင်ရွက်မှုများ<br>7. လုပ်ငန်းခွင် ကျန်းမာရေး နှင့် လုံခြုံရေး တို့နှင့်ပတ်သက်ပြီး ပြင်းထန်စွာ စိုးရိမ်ဖွယ်ရာများ<br>8. အခြားသော ရာဇဝတ် သို့မဟုတ် တရားမဝင် ပြုမူဆောင်ရွက်မှုများ | မြင့်မားသော (လုံးဝ သည်းမခံပေ) | 24 နာရီအတွင်း SMS အဖွဲ့ နှင့် အလုပ်ရှင်၏ ပထမ တုံ့ပြန်ချက် နှင့် စုံစမ်းစစ်ဆေးမှု၊ ဖျန်ဖြေမှု၊ ဖြေရှင်းမှု ဆောင်ရွက်ချက် အစီအစဉ် နှင့် အချိန်မျဉ်းလိုင်းတို့သည် ဖြစ်ရပ် အမျိုးအစား နှင့် ပြင်ပ ပံ့ပိုးထောက်ပံ့မှု ကွန်ယက်အပေါ် မူတည်ပေမည် | I. ဒေသခံအာဏာပိုင်များ နှင့် အစိုးရ အေဂျင်စီများဖြင့် မဆက်သွယ်မီ ရွှေ့ပြောင်းလုပ်သားထံသို့ ဖြစ်နိုင်ခြေရှိသော အခွင့်ရေးချိုးဖောက်မှုများ နှင့် တိုင်ကြားမှု လုပ်ငန်းစဉ်အား အသိပေးပါ<br>2. ဒေသခံ အာဏာပိုင်များ နှင့် အစိုးရ အေဂျင်စီများထံသို့ ဆက်သွယ်ပါ၊ အထူးသဖြင့် လူမှုရေး ဖွံ့ ဖြိုးတိုးတက်မှု နှင့် လူသားလုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ရုံးခန်း ဟော့တ်လိုင်းထံ “1300” သို့ ပထမထား၍ ဆက်သွယ်ပါ<br>3. ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်ရန် ဆောင်ရွက်ပေးပြီး၊ လုံခြုံသော ခိုလှုံရာ၊ ဆေးဘက်ဆိုင်ရာ ကုသမှု၊ ဥပဒေရေးရာ ကူညီထောက်ပံ့မှုများ စီစဉ်ပေးနိုင်သည့် NGO များထံ ဆက်သွယ်ပါ<br>4. အထူးသဖြင့် နစ်နာသူများ နှင့် သတင်းပေးသူများအား ကာကွယ်ပေးရန်အတွက် (SMS အဖွဲ့ မှ ခန့်အပ်ထားသော) ဌာနတွင်းပိုင်း ပြဿနာဖြစ်ပေါ်မှု နှင့် အရေးပေါ် ဝန်ဆောင်မှုအဖွဲ့ ထံ အသိပေး၊ ခွင့်ပြုချက်ပေးပါ၊ ထို့နောက် သက်ဆိုင်ရာ မူလုပ်ငန်းစဉ်များအား လိုက်နာပါ |
| 1. အလုပ်စာချုပ် သတ်မှတ်ချက်များ နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ရှေ့နောက်မညီမှုများ သို့မဟုတ် နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မဖြည့်ဆည်းပေးမှု<br>2. အလုပ် တာဝန်ဝတ္တရားများ သို့မဟုတ် အလုပ် အခြေအနေများတွင် အပြောင်းအလဲနှင့်ပတ်သက်ပြီး အနက်ကောက်လွဲခြင်း၊ နားလည်မှုလွဲခြင်း<br>3. အလုပ်သမားများအကြား၊ သို့မဟုတ် အလုပ်သမား နှင့် ကြီးကြပ်ရေးမှူး အကြား တစ်ကိုယ်ရေ မနှစ်သက်မှုများ၊ သဘောထားမတူညီမှုများ နှင့် ဆက်သွယ်မှုလွဲမှားခြင်းများ | အလယ်အလတ် | 3 ရက်အတွင်း | I. ကြီးကြပ်ရေးမှူး သို့မဟုတ် HR မန်နေဂျာ သို့မဟုတ် SMS အဖွဲ့ ဖြင့် ဌာနတွင်း ဆွေးနွေးပါ<br>2. လူမှုဖူလုံရေး ကော်မတီ ဆွေးနွေးမှုများ အတွင်း သို့မဟုတ် ရွှေ့ပြောင်းလုပ်သားအုပ်စု ကိုယ်စားလှယ်များဖြင့် ဆွေးနွေးပါ<br>3. အကယ်၍ တောင်းဆိုလာလျှင် ရွှေ့ပြောင်း လုပ်သားများ၏ စိုးရိမ်မှုများအတွက် အထူးပြုဆောင်ရွက်ပေး၍ ၎င်းတို့၏ ဘာသာစကားအား ပြောဆိုသော ပြင်ပ NGO အား ပါဝင်စေပါ |
| 1. လုပ်ငန်းခွင်အတွင်း အဆင်ပြေမှုနှင့် ပတ်သက်ပြီး အသေးစား စိုးရိမ်မှုများ | နိမ့်သော | 7 ရက်အတွင်း | 1. ကြီးကြပ်ရေးမှူး သို့မဟုတ် HR မန်နေဂျာ သို့မဟုတ် SMS အဖွဲ့ ဖြင့် ဌာနတွင်း ဆွေးနွေးပါ |

| | | | |
|---|---|---|---|
| *2.* ထိုင်းနိုင်ငံ ဥပဒေများ သို့မဟုတ် ကုမ္ပဏီ မူဝါဒ အပြောင်းအလဲများနှင့် ပတ်သက်ပြီး ရှင်းလင်းအတည်ပြုချက် | | | 2. လူမှုဖူလုံရေး ကော်မတီ ဆွေးနွေးမှုများ အတွင်း သို့မဟုတ် ရွှေ့ပြောင်းလုပ်သားအုပ်စု ကိုယ်စားလှယ်များဖြင့် ဆွေးနွေးပါ |